# ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော် မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံ လွှတ်တင်ပူဇော်ပွဲ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ





**မန္တလေး နိုဝင်ဘာ ၄**

ပြင်ဦးလွင်မြို့ တန်ဆောင်တိုင်ပွဲတော်ကို ပြင်ဦးလွင်မြို့ ဓမ္မရတိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားစေတီရင်ပြင်တော်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲနှင့် မြန်မာ့ရိုးရာမီးပုံးပျံ လွှတ်တင်ပူဇော်ပွဲအခမ်းအနားကို ယနေ့ညပိုင်းက မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားရင်ပြင်တော်နှင့် သာသနာ့ဗိမာန်တော်ဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် ဝေယျာဝစ္စအဖွဲ့ဝင်များ တက်ရောက်ကြပြီး ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာအံ့ထူးကံသာဘုရားကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားစေတီရင်ပြင်တော်ထောင့် လေးထောင့်တွင် ဆီမီးများစတင်ထွန်းညှိပူဇော်ကြပြီးနောက် လက်ယာရစ်လှည့်လည်ဖူးမြော်ကာ ဆီမီးထွန်းညှိပူဇော်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

၎င်းနောက် မြန်မာ့ရိုးရာမီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရားကြီးမှ(ညမီးကျည်)မီးပုံးပျံ၊ ဌာနဆိုင်ရာ(စိန်နားပန်)မီးပုံးပျံ၊ ရပ်ကွက်ကျေးရွာများ စုပေါင်း၍ (စိန်နားပန်)မီးပုံးပျံ၊ မျိုးဆက်သစ်လူငယ်များစုပေါင်း၍ (စိန်နားပန်သေး)မီးပုံးပျံ၊ မေမြို့လူငယ်များ စုပေါင်း၍ ပိုလာဝက်ဝံရုပ်နှင့် ပျံလွှားငှက်ရုပ်အလှမီးပုံးပျံ၊ လာရောက်ကြည့်ရှုကြသူများမှ မီးပုံးပျံငယ်အလုံး(၅၀၀)တို့ကို တပျော်တပါး ပျော်ရွှင်စွာဖြင့် လွှတ်တင်ပူဇော်နေမှုများ၊ ရိုးရာအကအလှများဖြင့် ပျော်ရွှင်မြူးတူးကပြနေမှုများကို ကြည့်ရှုအားပေးပြီး မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ကြသည့် အသင်းများအား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း၊ ပွဲတော်လာဧည့်ပရိသတ်များ၊ ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာသူများ စုစုပေါင်းအင်အား ၅၀၀၀၀ ခန့်ရှိကြောင်း၊ တန်ဆောင်တိုင်ကာလတွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီများ၊ အထင်ကရနေရာများတွင် ပွဲတော်များဖြင့် စည်ကားသိုက်မြိုက်ခဲ့ပြီး အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)











# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဥ္စမအကြိမ် စုပေါင်းမိုးကျကထိန် အလှူတော်မင်္ဂလာ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပ





**မန္တလေး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပဥ္စမအကြိမ် စုပေါင်းမိုးကျကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)၊ မဟာ အောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာတော်များနှင့် ကထိန်ခံဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ၎င်းတို့၏ဇနီးများက ကထိန်ခင်းကျင်းသည့် ကထိန်ခံ ကျောင်းများမှ ဆရာတော်ကြီးများအား ကထိန်လျာဉတ်သင်္ကန်း၊ ကထိန်သင်္ကန်းများကို ဆက်ကပ် လှူဒါန်းကြပြီး ဌာနဆိုင်ရာများနှင့်တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ကထိန်သင်္ကန်း များ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(သုဓမ္မာ)မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝ ကျောင်းဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြားပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

ယနေ့အခမ်းအနား၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ မန္တလေး ခရိုင်အတွင်းရှိ ကထိန်ခံကျောင်း ၄၀ ကျောင်းအတွက် စုစုပေါင်းငွေကျပ် ၆၉၀၅၆၂၀၀ လှူဒါန်း ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

သတင်း စာမျက်နှာ ၁၂







သတင်း စာမျက်နှာ ၁၃







# တစ်နေ့လျှင် ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းခြင်းက အယ်ဇိုင်းမားရောဂါနှင့်ဆက်နွယ်သော ဦးနှောက်ပြောင်းလဲမှုဖြစ်စဉ်များကို နှေးကွေးအောင် ကူညီပေးနိုင်ဟုဆို

မဲလ်ဘုန်း နိုဝင်ဘာ ၄

တစ်နေ့လျှင် ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းခြင်းသည် အယ်ဇိုင်းမားရောဂါနှင့် ဆက်နွယ်သော ဦးနှောက်ပြောင်းလဲမှုဖြစ်စဉ်များကို နှေးကွေးအောင် ကူညီပေးနိုင်ကြောင်း သြစတြေးလျနှင့် အပြည်ပြည်ဆိုင်ရာ သုတေသီများ၏ ပြောကြားချက်အရ သိရသည်။

Nature Medicine မဂ္ဂဇင်းတွင် ဖော်ပြထားသော အဆိုပါ လေ့လာမှုတွင် အသက် ၅၀ မှ ၉၀ အတွင်း ဦးနှောက်လုပ်ဆောင်ချက်ပုံမှန်ရှိသော လူပေါင်း ၂၉၄ ဦးအား ၁၄ နှစ်အထိ လေ့လာစောင့်ကြည့်ခဲ့ကြောင်း၊ ၎င်းတို့၏ နေ့စဉ် ခြေလှမ်းအရေအတွက်၊ ဦးနှောက် လုပ်ဆောင်ချက်နှင့် အယ်ဇိုင်းမားရောဂါနှင့် ဆက်နွယ်နေသော ပရိုတင်းဓာတ်များ ဦးနှောက်ထဲစုပုံလာမှု စသည့် အချက်များကို လေ့လာစောင့်ကြည့်ခဲ့ကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားမှု ပိုမိုလုပ်ဆောင်ခြင်းက ဦးနှောက်စွမ်းဆောင်ရည် ကျဆင်းမှုကို နှေးကွေးစေခြင်းနှင့် ဆက်စပ်နေသည်ဟု ဆိုသည်။ ဦးနှောက်ထဲတွင် အယ်ဇိုင်းမားရောဂါ အစောပိုင်း လက္ခဏာပြသသူများသည် နေ့စဉ်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရောဂါတိုးတက်မှုကို နှေးကွေးစေနိုင်ကြောင်း သြစတြေးလျနိုင်ငံ မဲလ်ဘုန်း တက္ကသိုလ် သုတေသီများက ပြောကြားသည်။

လေ့လာမှုတစ်ရပ်တွင် နေ့စဉ် ခြေလှမ်း ၅၀၀၀ ကျော် လှမ်းသောသူများသည် မှတ်ဉာဏ်နှင့်တွေးခေါ်မှုစွမ်းရည် ကျဆင်းနှုန်းပိုမိုနှေးကွေးကြောင်း ဖော်ပြထားသည်။ တစ်နေ့ ခြေလှမ်း ၅၀၀၀ မှ ၇၅၀၀ ကြားလှမ်းသည့် အလယ်အလတ်အဆင့် လှုပ်ရှားမှုက Tau ပရိုတင်းနှင့် သိမြင်မှုစွမ်းရည် တည်ငြိမ်စေကြောင်းလည်း သိရသည်။ ထို့အပြင် တစ်နေ့ကို ခြေလှမ်း ၃၀၀၀ မှ ၅၀၀၀ ဝန်းကျင်ကြား လှမ်းလျှင်ပင် Tau ပရိုတင်းနှင့် သိမြင်မှုစွမ်းရည် ကျဆင်းမှုကို သိသိသာသာနှေးကွေးစေကြောင်း သိရသည်။

ဆင်ဟွာ



# ဂျာမနီနိုင်ငံ၌ H5N1 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တိရစ္ဆာန်ကောင်ရေ တစ်သန်းနီးပါး ရှင်းလင်း

ဘာလင် နိုဝင်ဘာ ၄

ဂျာမနီနိုင်ငံ၌ အလွန်ကူးစက်မြန်သော H5N1 ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန် တိရစ္ဆာန်ကောင်ရေ တစ်သန်းနီးပါးကို ရှင်းလင်းခဲ့ရကြောင်း ဂျာမနီနိုင်ငံ ဖက်ဒရယ် တိရစ္ဆာန်ကျန်းမာရေး အေဂျင်စီ ဖရက်ဒရစ်လော့ဖ် လာ အင်စတီကျု(အက်ဖ်အယ်အိုင်)က နိုဝင်ဘာ ၃ ရက်တွင် ပြောကြားထားသည်။

ယခုနှစ်အတွင်း အတည်ပြုကူးစက်ဖြစ်ပွားသော အရေအတွက်မှာ ၂၀၂၁ ခုနှစ်က အလားတူအချိန်တွင် စံချိန်မှတ်တမ်းတင်ထားသည့် အရေအတွက်ကိုပင် ကျော်လွန်သွားပြီ ဖြစ်ကြောင်း အဆိုပါ အင်စတီကျုက ပြောသည်။

ယခုနှစ်တွင် ကူးစက်မှုလှိုင်း စတင်မှုမှာ မြန်ဆန်လာကြောင်း၊ သို့သော်လည်း ယမန်နှစ်များကထက် လျင်မြန်စွာ ကျဆင်းသွားမည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည် ဖြစ်ကြောင်း အက်ဖ်အယ်အိုင်ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ စက်တင်ဘာလ အစောပိုင်းမှစတင်ကာ ဂျာမနီနိုင်ငံတစ်ဝန်း ကြက်မွေးမြူရေးခြံ ၆၆ ခုတွင် ရောဂါကူးစက်ဖြစ်ပွားမှုတွေ့ရှိခဲ့ကြောင်း၊ ၎င်းတို့ထဲတွင် လုပ်ငန်းကြီးများလည်း ပါဝင်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ဆောင်မှုအဖြစ် တိရစ္ဆာန်များကို အစုလိုက် အပြုံလိုက် ရှင်းလင်းခဲ့ရကြောင်း သိရသည်။

ဂျာမနီနိုင်ငံ အနောက်မြောက်ပိုင်း လိုးရှားဆက်ဆိုနီပြည်နယ်သည် လက်ရှိအချိန်အထိ ကူးစက်ခံရသည့် မွေးမြူရေးခြံ ၃၀ နှင့် အတူ အဆိုးရွားဆုံး ကူးစက်ခံရသည့် ပြည်နယ်အဖြစ် ရှိနေသည်။ ဂျာမနီနိုင်ငံတွင် လက်ရှိကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလှိုင်းသည် လျော့ကျသွားမည့် အရိပ်အယောင်မတွေ့ရသေးဘဲ လာမည့်သီတင်းပတ်များအတွင်း တောင်ဘက်ဒေသများသို့ ရွှေ့လျားသွားနိုင်ကြောင်း အက်ဖ်အယ်အိုင်က ပြောသည်။

၂၀၂၁ ခုနှစ်တွင် ဂျာမနီနိုင်ငံတစ်ဝန်း ကြက်မွေးမြူရေးခြံများ၊ တိရစ္ဆာန်ရုံများနှင့် ပုဂ္ဂလိကမွေးမြူရေးနေရာ ၂၈၆ ခုတွင် ကြက်ငှက်တုပ်ကွေး ကူးစက်ဖြစ်ပွားခဲ့ကြောင်း အက်ဖ်အယ်အိုင်က ပြောသည်။ ထိုအချိန်က တိရစ္ဆာန်အကောင်ရေ နှစ်သန်းကျော် သတ်၍ ရှင်းလင်းခဲ့ရကြောင်း ဂျာမနီမီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

ဆင်ဟွာ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကင်ညာနှင့် တရုတ်နှစ်နိုင်ငံ စီမံကိန်းပူးပေါင်းဆောင်ရွက် စိမ်းလန်းသော ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရန်ပြင်ဆင်

နိုင်ရိုဘီ နိုဝင်ဘာ ၄

ကင်ညာနိုင်ငံသည် တရုတ်နိုင်ငံနှင့် ပူးပေါင်းကာ တည်ဆောက်ထားသော မှတ်တိုင်တစ်ခုဖြစ်သည့် စိမ်းလန်းသော ဓာတ်မြေဩဇာစက်ရုံတည်ဆောက်ရေးအတွက် မြေပြင်ဆင်ခြင်းဖြင့် သန့်ရှင်းသော စက်မှုလုပ်ငန်း ထူထောင်ရေး ကြိုးပမ်းမှုကို နိုဝင်ဘာ ၃ ရက်တွင် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်းကို စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ရုပ်ကြွင်းလောင်စာများပေါ်တွင် မှီခိုနေရသော ရိုးရာမြေဩဇာစက်ရုံများနှင့် မတူဘဲ အဆိုပါစက်ရုံသစ်သည် ထုတ်လုပ်ရေးအတွက် ပါဝါပေးရန်နှင့် အမိုးနီးယားအခြေခံမြေဩဇာ ထုတ်လုပ်ရန်အတွက် ဘူမိအပူစွမ်းအင်တွင်းများမှ ရေနွေးငွေ့ကို အသုံးပြုမည်ဖြစ်ရာ၊ ၎င်းသည် နိုင်ငံအတွင်း ပထမဆုံးသော စက်ရုံဖြစ်လာမည် ဖြစ်သည်။

တရုတ်အခြေစိုက် ခါရ်ရှန်အုပ်စုက တည်ဆောက်မည့် နာရိုကူကောင်တီ၊ နာရီဗာရှားရှိ ၁၆၅ မဂ္ဂါဝပ် စီမံကိန်းသည် တစ်နှစ်လျှင် မက်ထရစ်တန် ၄၈၀၀၀၀ အထိ မြေဩဇာထုတ်လုပ်မည် ဖြစ်ပြီး ကင်ညာတောင်သူများအတွက် တည်ငြိမ်သော ထောက်ပံ့မှုကို သေချာစေကာ ကမ္ဘာလုံးဆိုင်ရာ ဈေးနှုန်းတုန်လှုပ်မှုများမှ နိုင်ငံကို ကာကွယ်ပေးမည်ဟု ဆိုသည်။

ယင်းစီမံကိန်းသည် စားနပ်ရိက္ခာဖူလုံမှုကို အားကောင်းစေရုံသာမက လက်ရှိ မြေဩဇာတင်သွင်းမှုများအတွက် သုံးစွဲနေရသော နိုင်ငံခြားငွေ ဘီလီယံပေါင်းများစွာကိုလည်း ချွေတာနိုင်မည်ဟု အခမ်းအနား၌ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည့် သမ္မတ ဝီလီယံရူတိုက ရှင်းလင်းပြောကြားကြောင်း သိရသည်။

Mon



## ဖိလစ်ပိုင်အလယ်ပိုင်းသို့ ဝင်ရောက်လာသောမုန်တိုင်းကြောင့် ရေကြီး ဒေသခံများ အိမ်ခေါင်မိုးပေါ်မှ ကယ်ဆယ်ရန်အကူအညီတောင်းနေ

မနီလာ နိုဝင်ဘာ ၄

ကာလ်မီဂီမုန်တိုင်းကြီးသည် ဖိလစ်ပိုင်အလယ်ပိုင်းသို့ ယမန်နေ့ကဝင်ရောက်တိုက်ခတ်ခဲ့ရာ အနည်းဆုံး လူနှစ်ဦးသေဆုံးခဲ့ပြီး မုန်တိုင်းဒဏ်သင့်ဒေသခံများသည် အိမ်ခေါင်မိုးများပေါ်သို့ ခိုလှုံကြရကာ ကားများသည် ရေလွှမ်းမိုးနေသော လမ်းများပေါ်တွင် ရေပေါ်ပေါ်လျက် မျောနေခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

သန်းခေါင်ယံမတိုင်မီ အချိန်အနည်းငယ်အလိုတွင် ကမ်းခြေကို ဝင်ရောက်တိုက်ခတ်ခဲ့သော အင်အားပြင်းထန်သည့် ထိုမုန်တိုင်းကြောင့် လူပေါင်းသိန်းနှင့်ချီ၍ နေရာရွှေ့ပြောင်းခဲ့ကြရသည်။

မုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၅၀ နှင့် ၁၈၅ ကီလိုမီတာနှုန်းများဖြင့် နံနက် ၈ နာရီအထိ တိုက်ခတ်ရာ သစ်ပင်များလဲကျပြီး ဓာတ်အားလိုင်းများ ဖြတ်တောက်ခဲ့သည်။

အိမ်ခေါင်မိုးတွေပေါ်မှာ တက်ရောက်ရှောင်တိမ်းနေတဲ့ လူတချို့က ကယ်ဆယ်ဖို့ အကူအညီတောင်းနေကြပါတယ်ဟု စီဘူးမြို့ သတင်းအချက်အလက်အရာရှိ ရွှန်ရာမို့စ်က ပြောကြားကြောင်း သိရသည်။

Mon

## တစ်ခွက်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နီးပါးတန်သောကော်ဖီ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့တော်၌ ဝယ်ယူသောက်သုံးနိုင်

ဒူဘိုင်း နိုဝင်ဘာ ၄

အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့တော်ရှိ ကော်ဖီဆိုင်တစ်ဆိုင်သည် အဆင့်မြင့်ဈေးနှုန်းဖြင့် ရောင်းချသည့် ပနားမားပဲများဖြင့် ဖျော်ထားသော ကမ္ဘာ့ဈေးအကြီးဆုံး ကော်ဖီကို တစ်ခွက်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ နီးပါးဖြင့် ရောင်းချနေကြောင်း သိရသည်။

ချမ်းသာကြွယ်ဝသော အဆိုပါနိုင်ငံသည် အတွင်းခန်းစကိတ်ကွင်းပါသည့် ဧရာမကုန်တိုက်ကြီး၊ ကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံနှင့် ကြယ်ငါးပွင့်ဟိုတယ်များဖြင့် ပြည့်နှက်နေသည့် လူလုပ်ကျွန်းအပါအဝင် ၎င်း၏ ကြီးကျယ်ခမ်းနားသော ခရီးသွားလုပ်ငန်းများကြောင့် လူသိများသည်။

ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဒူဘိုင်းဟာ အကောင်းဆုံးနေရာလို့ ခံစားမိပါတယ်ဟု ထိုဈေးကြီးသည့် ကော်ဖီကို ရောင်းချနေသော ဂျူလစ်သ် ကော်ဖီဆိုင်၏ ပူးတွဲတည်ထောင်သူ ဆာခန်ဆက်ဆိုဇ်က ထုတ်ဖော်ပြောကြားသည်။

ကော်ဖီချစ်သူများအတွက် အချက်အချာကျသောနေရာ ဖြစ်လာသည့် စက်မှုရပ်ကွက်တစ်ခုတွင် တည်ရှိသော ဂျူလစ်သ် ကော်ဖီဆိုင်က တန်ဖိုးရှိသော အဆိုပါကော်ဖီကို လာမည့် အပတ်မှစတင်ကာ တစ်ရက်လျှင် ခွက်ပေါင်း ၄၀၀ ဝန်းကျင် ရောင်းချရန် စီစဉ်ထားကြောင်း သိရသည်။

Mon



# အမြို့မြို့အနယ်နယ်တွင် စုပေါင်းမဟာဘုံကထိန်ပွဲများ ကျင်းပ



**ညောင်ဦး နိုဝင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ညောင်ဦးခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ (တတိယအကြိမ်)စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ညောင်ဦးမြို့နယ် ကျန်စစ်သားဥမင်စာသင်တိုက်ကြီး၌ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

စုပေါင်းမဟာဘုံကထိန်အခမ်းအနားတွင် နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး နိုင်ငံတော်ဩဝါဒါစရိယ မြစ်ကြည့်တိုက်၊ ရုပ်စုံကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များရွတ်ပွားသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၁)

**မိုင်းယောင်း နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှကြီးမှူး၍ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများနှင့် တပ်နယ်၊ တပ်ရင်းမိသားစုများ၊ အလှူရှင်များ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ သံဃာတော်များက မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူပြီး စုပေါင်းမဟာဘုံကထိန်သင်္ကန်း၊ ပဒေသာပင်များ၊ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် မိုင်းဟန်ကျောင်း ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၅၀၅)



**ပူတာအို နိုဝင်ဘာ ၄**

ကချင်ပြည်နယ်၊ ပူတာအိုမြို့တွင် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ စုပေါင်းမဟာဘုံကထိန်ပဒေသာပင်လှည့်လည်ပွဲနှင့် စုပေါင်းဘုံကထိန် အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက စုရပ်ဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့မှ စတင်လှည့်လည်ကြသည်။

စုပေါင်းမဟာဘုံကထိန် ပဒေသာပင်လှည့်လည်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်လွင်တို့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာဆိုင်ရာများက မြို့ပေါ်ရပ်ကွက်များဖြစ်ကြသည့် မြို့မ၊ ဟိုခို၊ ကောင်ကထောင်၊ လုံးစွတ်၊ လေယာဉ်ကွင်းရပ်ကွက်များသို့ လှည့်လည်ခဲ့ကြပြီး ပူတာအိုမြို့ တောင်တန်းသာသနာပြုဗဟိုကျောင်းတိုက်သို့ ပဒေသာပင်များအား ပို့ဆောင်ခဲ့ကြသည်။



အဆိုပါ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၏ စုပေါင်းမဟာဘုံကထိန် ပဒေသာပင်လှည့်လည်ရာတွင် ပဒေသာပင် စုစုပေါင်း ၃၁ ပင်၊ ပစ္စည်းအလှူငွေကျပ် သိန်း ၇၆၉၂၀၀၀၊ ဆွမ်းအလှူငွေကျပ် သိန်း ၃၀၇၀၀၀၀၊ ငွေသားအလှူငွေကျပ် သိန်း ၂၀၃၇၃၅၀၀၊ စုစုပေါင်းငွေကျပ် သိန်း ၃၁၁၃၅၅၀၀ ကို လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – * – * – *

**ပင်လုံ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့ မြို့မနောင်ကွတ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် ကျင်းပပြုလုပ်သော ပင်လုံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ကထိန်ခင်းပင့်ကျောင်း ၁၀ ကျောင်းနှင့် အရံပင့်ကျောင်း ခုနစ်ကျောင်းအား ကထိန်လျာသင်္ကန်း၊ အရံသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည့် (၆၀)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန် လှူဒါန်းရေစက်ချအခမ်းအနားကို နိုဝင်ဘာ ၃ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

အဆိုပါ (၆၀)ကြိမ်မြောက် မြို့လုံးကျွတ် စုပေါင်းမဟာဘုံကထိန်အလှူပွဲတော်အား ပင်လုံမြို့ရှိ ရပ်ကွက်(၄)ရပ်ကွက်မှ စေတနာရှင်အလှူရှင်များ၊ ဈေးအရှေ့၊ အနောက်၊ တောင်မှကာယလုပ်သားများ ဆိုင်ကယ်လိုင်းအဖွဲ့များ၊ ယာဉ်ငယ်ဂိတ်များ တပ်ရင်းတပ်ဖွဲ့များ၊ စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ပညာရေးကျောင်းများ၊ ရပ်ဝေးရပ်နီး အလှူရှင်များ၊ အဖွဲ့အစည်းအသီးသီးနှင့် ဌာနဆိုင်ရာများ စုပေါင်း၍ မဟာဘုံကထိန်အလှူပွဲတော် ပဒေသာပင်များကို အိုးစည်ဗုံမောင်းများ၊ အကများဖြင့် မြို့တွင်းသို့ စည်းကားသိုက်မြိုက်ပျော်ရွှင်စွာ လှည့်လည်ခဲ့ပြီး လှူဒါန်းသည့်ပဒေသာပင် စုစုပေါင်း ၇၆ ပင် ဖြစ်သည်။ လှူဒါန်းသည့်တန်ဖိုးငွေကျပ်မှာ ၂၉၃၉ ဒ သမ ၂၁၈၅၀ သိန်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – *


* – * – * – * – * – *



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၄**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကကြီးမှူး၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ အလှူရှင်များ စုပေါင်း၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၃၇)ကြိမ်မြောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းမဟာဘုံကထိန် စီတန်းလှည့်လည်ခြင်းကို နိုဝင်ဘာ ၃ ရက် ညနေ ၃ နာရီက မြို့အတွင်းလှည့်လည်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ထိုသို့ ကျင်းပရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိ၊ ရပ်ဖများ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မိမိတို့လှူဒါန်းမည့် ပဒေသာပင်များကို စီတန်းကာ မြို့နယ်ခန်းမမှ စတင်၍ ဆင်ပေါင်ဝဲမြို့အတွင်းလှည့်လည်ကြပြီး အမှတ်(၃)ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်တွင် စုပေါင်းမဟာဘုံကထိန်များကို ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

ခနို့ဝင်း(ဆင်ပေါင်ဝဲ)

* – * – * – * – * – *

**ပခုက္ကူ နိုဝင်ဘာ ၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ အကြိမ်(၄၀)မြောက် စုပေါင်းဘုံကထိန်ပွဲနှင့် (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉နာရီက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သံဃာတော်များထံမှ ခရိုင်စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဠုအောင်နှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့် အန္တရာယ်ကင်းပရိတ်တရားတော်များနာယူခြင်း၊ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်ကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှဝေကာ သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်ခဲ့ကြသည်။



ဆက်လက်၍ (၁၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအဖြစ် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ၃၆ ဦးတို့အား ပူဇော်ကန်တော့ကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)(၃၄၀)

* – * – * – * – * – *

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ၊ လေ့လာစို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၃၅)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ(၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးစိန်ဘညို(ဘ)ဦးချစ်တီး(PTI-၀၂၀၆၁၁)အမည်ဖြင့်ချထားပေးသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စောနန်းထွေး(ဘ)ဦးကျန်ရင်ပုံ(၁၃/တကန(နိုင်)၀၀၄၆၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-

| ဦးသန်းရွှေ | ဦးအောင်ဖြိုးမောင် | ဒေါ်နန်းဖြူဖြူအေး |
|---|---|---|
| (B.A(Hist), H.G.P) | (LL.B) | (B.Sc. PGDL) |

အထက်တန်းရှေ့နေများ

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃

## ဦးဆန်းမင်းထွန်း၊ ဒေါ်ဇင်မာသန်း(တရားလွှတ်တော်ရှေ့နေများ)နှင့် ဦးမောင်ထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုးအမည်ပါ(၂၈-၁၀-၂၀၂၅)ရက်နေ့ စာမျက်နှာ(၁၉)ပါ အများသိစေရန်ကြေညာခြင်းအပေါ်တွင် အများသိစေရန် တန်ပြန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ အကွက်အမှတ်(၈၄၀)၊ ဦးပိုင်အမှတ်(၄၁-ခ)နေ ဦးညွန့်မောင်(ဘ)ဦးစံဖေ(၉/မရတ(နိုင်)၀၃၀၉၈၅)၊ ဒေါ်ငြိမ်းငြိမ်းဋ္ဌေး(ဘ)ဦးညွန့်မောင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လူကြီးမင်းများအား ပြောကြားကြေညာစေခိုင်းသူ ဦးမောင်ထွေး၊ ဒေါ်ပြည့်ပြည့်ဖြိုးတို့(၂)ဦးမှာ ကျွန်ုပ်မိတ်ဆွေများမှ အိမ်ထောင်ဦးစီးဖြစ်သူ ဦးညွန့်မောင်အမည်ဖြင့် ချထားပေးသောမြေအား ဦးညွန့်မောင်မသိရှိဘဲ ဇနီးဖြစ်သူ ဒေါ်ကြင်သန်းနှင့် သမီးဖြစ်သူ မငြိမ်းငြိမ်းဋ္ဌေးတို့က လွန်ခဲ့သော၂၀၀၆ခုနှစ်ခန့်က ဦးမောင်ထွေး၏ဇနီးဖြစ်သူ ဒေါ်ဆွေထံမှ ငွေကျပ်(၃)သိန်း ခေတ္တချေးယူရာတွင် မြေနှင့်ပတ်သက်စပ်ဆိုင်သော စာရွက်စာတမ်းများအား အပ်နှံကာ ဟန်ဆောင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပြီး ချေးယူခဲ့ရကြောင်း သိရှိခဲ့ရပါသည်။ ထို့နောက်များမကြာမီ ချေးငွေပေးခဲ့သည့်ငွေကျပ်(၃)သိန်းအတွက် ကျေးဇူးပြုသည့်အနေဖြင့် ငွေကျပ်(၃)သိန်းခွဲအား ထပ်ဆောင်းကာ ငွေကျပ်(၆)သိန်းခွဲ ပေးဆပ်သည့်အခါ ကျွန်ုပ်၏မိတ်ဆွေများထံ လူကြီးမင်းများ၏ ကြော်ငြာစေခိုင်းသူများက မိတ်ဆွေများ ယခုလက်ရှိနေထိုင်နေသောဝိုင်းမြေ၏ ပိုင်ဆိုင်မှုအရပ်ရပ်စာချုပ်စာတမ်းများအား ပြန်လည်ပေးအပ်ခဲ့ပါသည်။ ဟန်ဆောင်ချုပ်ဆိုခဲ့သည့် အရပ်ကတိစာချုပ်အား ပြန်လည်တောင်းခံရာ စာချုပ်အား အရေးမကြီးကြောင်း၊ စုတ်ဖြဲပစ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်ကို ယုံကြည်ခဲ့သဖြင့် ချေးယူငွေပေးဆပ်ခဲ့သည့် ၂၀၀၆ခုနှစ်မှစ၍ ကျွန်ုပ်မိတ်ဆွေများက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့် လက်ရှိလက်ရောက်နေထိုင်နေသည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။

လူကြီးမင်းများ၏ စေခိုင်းသူများမှ ဝယ်ယူပိုင်ဆိုင်သည်ဟု ကြေညာရာတွင် ကျွန်ုပ်၏မိတ်ဆွေများက ငွေလို၍ ချုပ်ဆိုပေးခဲ့သော ဟန်ဆောင်အရပ်ကတိအရောင်းအဝယ်စာချုပ်အား အခြေခံပြောဆိုနေခဲ့သော်လည်း တစ်ကြိမ်တစ်ခါမျှ မြေအား လက်ရောက်မရရှိခဲ့သကဲ့သို့ မြေနှင့်ပတ်သက်သော စာရွက်စာတမ်းအလုံးစုံနှင့်မြေမှာလည်း နှစ်ပေါင်း(၂၀)နီးပါး ကျွန်ုပ်၏မိတ်ဆွေများထံတွင် ရှိနေခြင်းမှာ လူကြီးမင်းများ သိရှိပြီးဖြစ်မည်ထင်ပါသည်။

ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများက ဝိုင်းမြေအား စရန်ယူရောင်းချခဲ့သည့်အချိန်ရောက်မှ ဟန်ဆောင်အရောင်းအဝယ်စာချုပ်အား အားကိုးအားထားပြုကာ အများသိစေရန် ကန့်ကွက်ကြေညာခြင်းသည် ကျွန်ုပ်မိတ်ဆွေများအနေဖြင့် ဂုဏ်သိက္ခာနှင့် ငွေကြေးပိုင်ဆိုင်ရာအရ များစွာနစ်နာခဲ့ရပါသည်။ ထို့ကြောင့်(၂၈-၁၀-၂၀၂၅)ရက်နေ့၊ စာမျက်နှာ(၁၉)ပါ ဒေါ်ငြိမ်းငြိမ်းဋ္ဌေးနှင့် အများသိစေရန်ကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းရန် အများသိစေရန် တန်ပြန်ကြေညာခြင်းဖြစ်ပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်း အရေးယူဖြေရှင်းဆောင်ရွက်သွားလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် တန်ပြန်အသိပေးကြေညာပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဦးညွန့်မောင်
ဒေါ်ငြိမ်းငြိမ်းဋ္ဌေး

လွှဲအပ်ညွှန်ကြားချက်အရ-

| ဦးအောင်အောင်သန်း | ဦးကျော်စင် |
|---|---|
| (တရားလွှတ်တော်ရှေ့နေ) | (တရားလွှတ်တော်ရှေ့နေ) |

မမ-၂၅၊ တိုက်အမှတ်(၂)၊ အခန်း(၇)၊ မြရည်နန္ဒာအိမ်ရာ၊
အောင်သာယာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၄၀၂၅၂၂၆၁၈၊ ၀၉-၇၆၄၅၂၂၆၁၈၊ ၀၉-၄၀၂၇၆၄၃၃၆

## ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားသို့ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကား

**ပင်းတယ နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၏ အနောက်ဘက်တောင်တန်းအလယ်၌တည်ရှိသော ကမ္ဘာကျော်ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားသို့ တန်ဆောင်မုန်းလဆန်း ပိုင်းမှစတင်၍ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်နေ့ရက်များအထိ မြန်မာပြည်အနှံ့မှ ဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

လိုဏ်ဂူလမ်းကြောင်း ပေ၄၉၀ကျော်ရှိသော ရှေးရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားအတွင်းရှိ ဓနုဒေသပင်းတယမြို့နယ်ဂုဏ်ဆောင် အလှူရှင်များစွာက ခေတ်အဆက်ဆက် တည်ထားကိုးကွယ်လာသော ရှေးဟောင်းသမိုင်းဝင် ဗုဒ္ဓဆင်းတုတော်နှင့် စေတီပုထိုးတော်(စာရင်းရှိ) ၈၀၉၄ ဆူနှင့် ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများ ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော်၊ ကျောက်စက်တိုင်၊ နတ်ရေကန် အစရှိသော သမိုင်းဝင်နေရာများအား လာရောက်ဖူးမြော်ကြည်ညို ကြည့်ရှုလေ့လာကြသည့် ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ဝဲပုံ)**

ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ အဝေယျာမီးပုံးပျံကွင်း၌ ကျင်းပလျက်ရှိသော(၈၄)ကြိမ်မြောက် တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပွဲတော်သို့လာရောက်ကြသည့် မြန်မာပြည်အနှံ့မှ ပြည်သူများ တန်ခိုးကြီးဘုရားများဖူးမြော်ကြည်ညိုခြင်းနှင့် ဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော ဓနုဒေသ ပင်းတယမြို့နယ်နေ တိုင်းရင်းသား ပြည်သူများအားလုံးတို့က နွေးထွေးပျူငှာစွာဖိတ်ခေါ်ခြင်းနှင့် အပန်းဖြေအနားယူရန်နေရာများ ရှိနေခြင်းကြောင့် ဘုရားဖူးဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ **(၃၃၈)**

၀-၀-၀-၀-၀-၀



**သင့်သွေးဖြင့်အသက်ကယ်ပါ။**

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၄)၊ ဦးပိုင်အမှတ်(၃၅ ခ+၄၃ ခ)၊ ၈၂လမ်း၊ ၄၄လမ်းနှင့် ၄၅လမ်းကြားရှိ ဦးအောင်ခင်၊ ဒေါ်တင်လှိုင်၊ သမီးခင်မမနှင့် ခင်အေးအေးမြင့်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်ဦးအောင်ခင်၊ မိခင်ဒေါ်တင်လှိုင်၊ သားဦးကျော်စိုးလှိုင်(လူပျိုဘဝ)၊ သားဦးလှဘုန်းအောင်တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးချွေးမများဖြစ်ကြသော ဒေါ်ခင်မမ(၉/မရတ(နိုင်)၀၁၇၁၉၄)၊ ဒေါ်ခင်အေးအေးမြင့်(ခ)ခင်အေးမြင့်(၉/မရတ(နိုင်)၀၁၇၁၉၅)၊ ဦးထွန်းအောင်ကျော်(၉/မရတ(နိုင်)၀၁၇၃၄၈)၊ ဒေါ်သင်းသင်းနွယ်(၉/မရတ(နိုင်)၀၁၇၂၀၈)တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၇)၊ ဦးပိုင်အမှတ်(၁၃)၊ ၆၈လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားရှိ ဦးမြဖေအမည်ပေါက် ဂရန်မြေကွက်အား ဖခင်ဦးမြဖေ၊ မိခင်ဒေါ်ခင်ဋ္ဌေးတို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဒေါ်မြကေသွယ်(၅/စကန(နိုင်)၀၂၇၆၁၄)၊ ဒေါ်မြဥမ္မာ(၅/စကန(နိုင်)၀၂၇၆၁၅)၊ ဦးကျော်သက်(၅/စကန(နိုင်)၀၀၀၈၆၁)၊ ဦးသက်ဇော်(၅/စကန(နိုင်)၀၀၀၈၆၂)၊ ဦးမြင့်ဇော်(၅/စကန(နိုင်)၀၀၀၈၆၃)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စကြာနွယ်စဉ်ရပ်ကွက်၊ အကွက်အမှတ်(၆၈၅)၊ ဦးပိုင်အမှတ်(၂၄-ဓ/၃)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ၃၇လမ်းနှင့် ၃၈လမ်းကြားရှိ ဒေါ်ခင်ညိုအမည်ပေါက် ဂရန်မြေကွက်အား ဒေါ်ခင်ညို(အပျိုဘဝ)၊ ဦးညွန့်ဝင်း(လူပျိုဘဝ) တို့ကွယ်လွန်၍ ကျန်ရစ်သူညီမများဖြစ်ကြသော ဒေါ်ခင်ပို(၉/မရတ(နိုင်)၀၁၁၀၅၀)၊ ဒေါ်ခင်စိုး(၉/မရတ(နိုင်)၀၁၀၆၄၂)တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဗ-၄)၊ ဦးပိုင်အမှတ်(၈၆-ခ)၊ ပရံတော်ချောင်းနှင့် ၅၇လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဘမောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီးဒေါ်စိန်ကြည်(၉/မနမ(နိုင်)၀၇၅၀၉၉)က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ခရီးသွားများဖြင့် စည်ကား



**ညောင်ဦး နိုဝင်ဘာ ၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ တန်ဆောင်တိုင်ပွဲတော်ကာလအတွင်း ဘုရားဖူးခရီးသွားပြည်သူများဖြင့် သမိုင်းအထင်ကရဘုရားများတွင် စည်ကားနေကြောင်း သိရသည်။

တန်ဆောင်တိုင်ပွဲတော်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက် ၄ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများဖြင့် စည်ကားနေပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးခရီးသွားများနှင့် သမိုင်းအထင်ကရဘုရားများတွင် ခရီးသွားဘုရားဖူးများ ကြိတ်ကြိတ်တိုးစည်ကားနေသည်။

တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလအတွင်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ခရီးသွားဘုရားဖူး များပြားခြင်းနှင့်အတူ နေ့ချင်းပြန်ဘုရားဖူးများ၊ မြန်မာပြည်အရပ်ရပ်မှ လာရောက်သည့် ခရီးသွားများပြားခြင်းကြောင့် ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများတွင် တည်းခိုသူများဖြင့်ပြည့်နေကြောင်း၊ သမိုင်းအထင်ကရဘုရားများဖြစ်သည့် ရွှေစည်းခုံ၊ လောကနန္ဒာ၊ တုရင်တောင်၊ အလိုတော်ပြည့်၊ မနူဟာ၊ မြစေတီ၊ အာနန္ဒာ၊ သဗ္ဗညု၊ မဟာဗောဓိ၊ ထီးလိုမင်းလို၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ ငှက်ပစ်တောင်၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရားတို့တွင် ခရီးသွားဘုရားဖူးများဖြင့် အထူးစည်ကားနေပြီး မြင်းကပါဂူပြောက်ကြီး၊ ဝက်ကြီးအင်း ဂူပြောက်ကြီး၊ သိကြားပုန်း၊ သိကြားဟာစ်၊ စိမ်းညက်ညီအစ်မ၊ ဝတ္တနတောဘုရားစု၊ ရင်မနားဘုရားစု၊ ဆူးလေကုန်းဘုရားစု၊ မလုံးဖြစ်၊ မလာဖြစ်ဘုရား၊ အမိုးဖွင့်(ဘုရားခေါ်)ရေတော်မုဏိဘုရား၊ ရွှေနန်း ရင်တောဘုရားစုတို့တွင်လည်း ပုဂံဘုရားသမိုင်းလေ့လာလိုသူများ၊ နံရံဆေးရေးပန်းချီ လေ့လာလိုသူများ၊ ဘုရားများတည်ဆောက်ပုံ ဗိသုကာပညာရပ် လေ့လာလိုသူများသည်လည်း အပေါင်းအသင်း မိတ်ဆွေများဖြင့် လာရောက်လေ့လာလျက်ရှိသည်။ **(အပေါ်ယာပုံ)**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း တန်ဆောင်တိုင်ရုံးပိတ်ရက်ကာလ၌ ဘုရားဖူး များပြားခြင်းနှင့်အတူ မြင်းလှည်းအငှားလိုက်သူများ၊ မီနီအီးဝေအငှားလိုက်သူများ၊ ကားအငှားလိုက်သူများ၊ စားသောက်ဆိုင်များ၊ လက်အလှပန်းချီဆွဲသူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ အလုပ်အကိုင်အခွင့်အလမ်းများ၊ အဆင်ပြေလျက်ရှိကြောင်းသိရသည်။ **(၄၈၁)**

